# Information Sheet



VOLUME II, SPECIAL ISSUE 2 1 August 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်းပြောကြားချက်များမှ ကောက်နုတ်ချက် | ၁ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ပြောကြားချက်များမှ ကောက်နုတ်ချက် | ၁၀ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေကောက်နုတ်ချက်များ | ၁၄ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်းပြောကြားချက်များမှ ကောက်နုတ်ချက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၁၈) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင်လ ၂၆ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက-

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရုရှားနိုင်ငံကို သွားရောက်ခဲ့ပြီး ခရီးစဉ်အတွင်း ရုရှားနိုင်ငံ၊ ကာလုဂါပြည်နယ်၌ တည်ဆောက်ပူဇော်ခဲ့သည့် ရွှေစည်းခုံစေတီနှင့် ပုံစံတူတည်ထားခဲ့သည့် စေတီတော်ကို ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တပ်ဆင်ပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း။
- ခရီးစဉ်ကာလအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့၊ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့၊ ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်နှင့် ရုရှားသမ္မတ၏ နိုင်ငံတကာအာကာသဆိုင်ရာ အထူးသံတမန်အဖြစ် တာဝန်ယူထားရသူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Rosoboronexpast ကုမ္ပဏီအမှုဆောင်အရာရှိချုပ်တို့နှင့် ဇူလိုင်လ ၁၁ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။
- တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်များတင်ပို့နိုင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်ကဏ္ဍ အဆင့်မြှင့်တင်ရေး၊ နူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ သိပ္ပံနှင့်သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စက်မှုကဏ္ဍအသုံးပြုခြင်း၊ သိပ္ပံနှင့်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း။
- ရုရှားနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့်တွေ့ဆုံ၍ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၌ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း။
- တာတာစတန်ပြည်နယ်၌ PJSC “Tatneft” ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Republic of the Tatarstan ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးရာစီမံခန့်ခွဲမှု ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Kazan Federal Uni-




versity ဒုတိယပါမောက္ခချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Republic of the Tatarstan ၏ အကြီးအကဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့စသည်တို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း။

- စိန့်ပီတာစဘက်မြို့၌လည်း Polytechnic State University ပါမောက္ခချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ စိန့်ပီတာစဘက်မြို့ အစိုးရအဖွဲ့အကြီးအကဲနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့်တွေ့ဆုံ၍ စိန့်ပီတာစဘက်မြို့၌ မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံး အသစ်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း။
- "နိုင်ငံခြားသားပိုင်ဆိုင်မှု ၃၅ % အထိပါဝင်သည့် မြန်မာကုမ္ပဏီများ၏ နိုင်ငံခြားသုံးငွေစာရင်းမှ နိုင်ငံခြားငွေများအား မြန်မာကျပ်ငွေဖြင့် လဲလှယ်သွားရန်"အတွက် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၃၂/၂၀၂၂)ဆုံးဖြတ်ချက်အား ဗဟိုဘဏ်က ဇူလိုင်လ ၁၅ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ကြောင်း။
- မိမိတို့နိုင်ငံ၌ သင့်တင့်သည့် နိုင်ငံခြားအရန်ငွေကြေးနှင့် အရန်ဘဏ္ဍာငွေများရှိပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်၌ လုံလောက်သည့်ငွေကြေးရှိသောကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်ပြီး ဇူလိုင်လ ၂၂ ရက်က ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်အစိုးရ၏ စီးပွားရေးကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်းဝန်ထမ်းများ)ကို အိမ်ငှားစရိတ်အဖြစ် အိမ်ထောင်သည်ဖြစ်ပါက မူရင်းလစာ၏ ၈ % နှင့် လူပျိုဖြစ်ပါက ၄ % ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် ၁၀,၀၀၀ ကျပ်ကိုလည်း လစဉ်ထောက်ပံ့သွားမည်ဖြစ်ကြောင်း။
- ကိုဗစ်-၁၉ ကပ်ရောဂါကာလကတည်းက ထိခိုက်ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ကျပ် ၄၉၁ ဘီလီယံကျော်အနက် ကျပ် ၄၀၀ ဘီလီယံကို သီးသန့်ရန်ပုံငွေ ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ပျူစောထီးတပ်များကို ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလတွင် ဝန်ကြီးချုပ်ဦးနု ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အမျိုးသားကာကွယ်ရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရက ပျူစောထီးတပ်များဖွဲ့စည်းတော့မည်ဟု ကြေညာစဉ်ကပင် အတိုက်အခံပါတီအဖွဲ့အစည်းများသည် အပြင်းအထန်ကန့်ကွက်ခဲ့ကြကြောင်း၊ ပျူစောထီးတပ်များသည် ပြည်သူကိုကာကွယ်စောင့်ရှောက်ရမည့်အစား အချို့သူများသည် လက်နက်အားကိုးဖြင့် ပြည်သူကိုညှဉ်းပန်းနှိပ်စက်လာကြခြင်းများ ရှိကြောင်း၊ ၎င်းတို့ကို ဖွဲ့စည်းပေးထားသည့် ပါတီအုပ်စုများ၏ ခါးပိုက်ဆောင်တပ်သဖွယ် အသုံးပြုလာသည်အထိ ရှိလာကြောင်း။
- ပျူစောထီးကိစ္စနှင့်ပတ်သက်ပြီး ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် အစိုးရက ကြေညာချက်တစ်စောင်ထုတ်ပြန်ပြီး ၁၉၅၅ ခုနှစ် အောက်တိုဘာလမှစ၍ ဖွဲ့စည်းထားသည့် ပျူစောထီးအဖွဲ့အစည်းများအားလုံးကို ဖျက်သိမ်းရန် အစိုးရက ဆုံးဖြတ်လိုက်ကြောင်းကို ကြေညာခဲ့ကြောင်း။
- မိမိပြောလိုသည်မှာ ပြည်ဖျက်မီဒီယာများ၊ NUG အမည်ခံအကြမ်းဖက်အဖွဲ့များ၊ PDF အဖွဲ့များ သုံးနှုန်းနေသည့် ပျူစောထီးတပ်ဆိုသည်မှာ ပါလီမန်ဒီမိုကရေစီခေတ်က ဦးနု၏ အာဏာရပါတီက ဒီမိုကရေစီအနိုင်ကျင့်မှုအတွက်

ဖွဲ့စည်းထားသည့် အဖွဲ့မျိုးဟုသာ ဆိုချင်ကြောင်း၊ အဆိုပါ အမည်မျိုးကို မီဒီယာများက သုံးစွဲနေသည်မှာ သမိုင်းကြောင်းအမှန်ကို မသိဘဲ ပြောဆိုခေါ်ဝေါ်သုံးစွဲနေခြင်းဖြစ်သည့်အတွက် အံ့သြစရာကောင်းနေကြောင်း။

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းချက်ရလဒ်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ ၂ ဖွဲ့၊ စုစုပေါင်း ၉ ဖွဲ့က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း၊ ယခင်တွေ့ဆုံပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။
- AA အဖွဲ့သည် လွန်ခဲ့သည့်မေလလောက်က စတင်ပြီး အပြစ်မဲ့ပြည်သူတစ်ချို့နှင့် နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးခြင်းများ စ၍လုပ်လာကြောင်း၊ ထိုအချိန်တွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ပြည်ဖျက်ဒလက်အချို့ကလည်း သတင်းတုသတင်းမှားများ၊ တစ်ဘက်နှင့်တစ်ဘက် အထင်အမြင်လွဲမှားအောင် သံသယစိတ်နှင့် စစ်မီးမတောက် တောက်အောင် တွန်းပို့ခဲ့ကြကြောင်း။
- AA ဘက်က ခေါင်းဆောင်အဆင့်ရှိသူများကလည်း တပ်မတော်ကို ထိကပါးရိကပါးနှင့် ရန်စစော်ကားမှုများစွာ လုပ်ခဲ့သည်ကိုလည်း သတိပြုမိမည်ထင်ကြောင်း၊ တပ် မတော်အနေဖြင့် ဒေသခံရခိုင်ပြည်သူလူထုအကျိုးကို ရှေးရှုပြီး စိတ်ရှည်သည်းခံခဲ့သော်လည်း AA အဖွဲ့အနေဖြင့် မလုပ်သင့်မလုပ်ထိုက်သည့် ရန်စမှုကို ဇူလိုင်လ ၁၈ ရက်နေ့ မောင်းတောမြို့နယ်အတွင်း နေရာနှစ်ခု၌ လုပ်ဆောင်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံးပြီး အချို့ဖမ်းဆီးခံခဲ့ရကြောင်း။
- KNU ၏အောက်တွင် KNLA နှင့် KNDO ဆိုသည့် တပ်အမျိုးအစား ၂ ခုနှင့် ဖွဲ့စည်းထားပြီး နှစ်ခုလုံးကို ဗဟိုစစ်ဦးစီးဌာနချုပ်ဆိုသည့်အဖွဲ့က တိုက်ရိုက်ကိုင်တွယ်ထားကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် တောခိုလူငယ်အချို့ နယ်စပ်ကို ထွက်ပြေးတိမ်းရှောင်သွားရာ အများစုသည် ကရင်ပြည်နယ်အတွင်း ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း။
- PDF အမည်ခံပြီး KNLA နှင့် KNDO တပ်အချို့ဆီကို ဝင်ရောက်သွားခဲ့သည့်အတွက် KNLA နှင့် KNDO တပ်အချို့မှ အင်အားစုတချို့ကို စုဆောင်းနိုင်ခဲ့ပြီး လုပ်ရှားသည့်နယ်မြေအလိုက် တိုက်ကွက်ဖော်သွေးတိုးစမ်းမှုအချို့ကို စတင်လုပ်ဆောင်ခဲ့ကြောင်း။
- ထိုအချိန်တွင် လက်ရှိရရှိပြီးဖြစ်သည့် NCA လမ်းကြောင်းမှ ငြိမ်းချမ်းရေးကိုလိုလားသည့်အဖွဲ့၊ NCA ကို ပျက်ပြယ်စေလိုသည့်အဖွဲ့နှင့် အခြေအနေကို စောင့်ကြည့်ပြီး အလေးသာသည့်ဘက်ကို ယိမ်းမည့်အဖွဲ့စသည်ဖြင့် အဖွဲ့တွင်းကွဲလွဲမှုအချို့ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းအကျိုးဆက်မှာ NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းလိုသည့် အဖွဲ့များရှိသည့်နယ်မြေ၌ အေးချမ်းပြီး NCA ကို ပျက်ပြယ်စေလိုသောအဖွဲ့ လှုပ်ရှားသည့်နယ်မြေ၌ တိုက်ပွဲသံများ ပြန်လည်ပေါ်ထွက်လာသည်သာဖြစ်ကြောင်း။
- KNDO အဖွဲ့၏ ယခင်စစ်ဦးစီးချုပ်သည် KNU ခေါင်းဆောင်ဟောင်း စောဘိုမြ၏ သားအကြီး စောနယ်ဒါးမြဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ဝေါလေ–ကနဲလေး လမ်းဖောက်လုပ်ရေးလုပ်ကိုင်နေသည့် အရပ်သား ၂၅ ဦးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့်အတွက် KNLA က ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် တာဝန်မှရပ်စဲခြင်းခံခဲ့ရကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ တတိယပတ်အတွင်းတွင် ယခင် DKBA အဖွဲ့မှ စောစလုံးဦးဆောင်သည့် အင်အားအချို့သည် နယ်ဒါးမြနှင့် သွားရောက်ပူးပေါင်းခဲ့သည့်အတွက် အကြမ်းဖက်လုပ်ငန်းများကို ပိုမိုလုပ်ဆောင်ခဲ့ပြီး အင်အားအနည်းငယ်တောင့်တင်းလာသည့်အတွက် နယ်ဒါးမြအနေဖြင့်လည်း KNU မှခွဲထွက်နိုင်ရေး ပိုမိုလုပ်ဆောင်လာခဲ့ကြောင်း။
- အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG အဖွဲ့ထံက ရလာမည့်ငွေကြေးအချို့နှင့် မြန်မာပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေလိုသည့် နိုင်ငံအချို့က ထောက်ပံ့မှုများကြောင့် နယ်ဒါးမြသည် ၎င်းလက်အောက်ရှိ အင်အားများစုစည်းပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့်အတူ တပ်မတော်တပ်စခန်းတစ်ခုဖြစ်သည့် ဥကရစ်ထစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ထိခိုက်ကျဆုံးမှုများပြားစွာနှင့် ဆုတ်ခွာထွက်ပြေးခဲ့ရကြောင်း။
- လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို ရောက်နေသည့်လူငယ်များ အသိ၊ သတိနှင့် ဆင်ခြင်စဉ်းစားကြရန် မိမိအနေဖြင့် ထပ်မံပြောကြားလိုကြောင်း။
- ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် စောနယ်ဒါးမြသည် KNU မှ ခွဲထွက်ပြီး ကော်သူးလေတပ်မတော်ဆိုသည်ကို ဖွဲ့စည်းပြီး NUG အပါအဝင် PDF များ၊ တပ်မတော်ကို တိုက်ခိုက်နေသည့်အဖွဲ့များနှင့် ပူးပေါင်းမည်ဟုပြောကြားခဲ့ကြောင်း။
- NCA နှင့်ပတ်သက်ပြီး ပြောရလျှင် NCA ကို ယေဘူယျအားဖြင့် တိုင်းရင်းသားများက အကုန်လက်ခံသည်ကို တွေ့ရကြောင်း၊ အဘယ့်ကြောင့်ဆိုသော် NCA ကို စတင်ရေး

ဆွဲခဲ့သည်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးသာဖြစ်ကြောင်း၊ လက်မခံသည်မှာ နောက်ကွယ်တွင် ရှိနေသည့် အကြံပေးများသာဖြစ်ကြောင်း၊ ယင်းအကြံပေးများက မည်သူများလဲ၊ မြန်မာနိုင်ငံသားမဟုတ်သူများသာ ဖြစ်ကြောင်း။

- ၎င်းတို့သည် အဖွဲ့အစည်းအမျိုးမျိုးကို ထောက်ပံ့ပြီး မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသူများသာဖြစ်ပြီး ထောက်ပံ့မှုများ၊ သွေးထိုးမှုများကို အစဉ်အဆက်ပြုလုပ်နေသည်ဖြစ်ကြောင်း။
- အထောက်အပံ့ခံ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးအနေဖြင့်လည်း ၎င်းတို့သည် မိမိတို့နိုင်ငံအကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားလူမျိုးများအကျိုးကို တကယ်လိုလားသည်လား၊ ၎င်းတို့လိုချင်သည့်ပုံစံကို ပုံဖော်နေသည်လားကို သတိရှိရန်လိုကြောင်း။
- NUG အကြမ်းဖက်အဖွဲ့က ထူထောင်ထားသည့် တရားမဝင်ပညာရေးကျောင်းဖြစ်သည့် Kaung for you online Education Centre ဆိုပြီး တရားမဝင် ပညာသင်ကြားမှုအစီအစဉ်ကို ဦးဆောင်သည့် တရားခံပြေး ကောင်းသိုက်စိုး အပါအဝင် ၃ ဦး ဖမ်းဆီးရမိခဲ့ခြင်းနှင့်ပတ်သက်ပြီး အားလုံးလည်း သိထားပြီးဖြစ်မည်ဖြစ်ကြောင်း။
- တရားခံပြေး ကောင်းသိုက်စိုး၏ ထွက်ဆိုချက်များအရ NUG အမည်ခံအကြမ်းဖက်အဖွဲ့၏ စေခိုင်းမှုနှင့် Kaung For You Federal Private School Team ကို ၂၀၂၂ ခုနှစ်၊ ဧပြီလပထမပတ်တွင် အဖွဲ့ဝင် ၁၂ ဦးနှင့် အွန်လိုင်းကတစ်ဆင့် ဖွဲ့စည်းခဲ့ပြီး အွန်လိုင်းမှ သင်ကြားပို့ချနိုင်ရန်အတွက်လည်း CDM ဆရာ၊ ဆရာမဦးရေ ၄၀၀ ကို ခန့်အပ်ရန် စီစဉ်ခဲ့သည့်အပြင် ကျောင်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဇွန် ၁ ရက် နေ့မှစပြီး အွန်လိုင်းကတစ်ဆင့် ကျောင်းအပ်လက်ခံခြင်းများ၊ အွန်လိုင်းအခြေပြု သင်ကြားရန်အတွက် Zoom Application ၊ Facebook၊ Telegram ၊ Signal ၊ Gmail ၊ Messenger တို့တွင် Group ဖွဲ့ ဆက်သွယ်ထားသည်များကို စစ်ဆေးတွေ့ရှိရကြောင်း။
- ထိုကဲ့သို့ အွန်လိုင်းကတစ်ဆင့် စာသင်ကြားပေးမည့် CDM ဆရာ၊ ဆရာမများအတွက် လစာငွေကို ကျောင်းအပ်နှံသည့် ကလေးများ၏ မိဘများထံမှ တစ်ဦးကို တစ်လလျှင် အနည်းဆုံး ကျပ် ၁၀၀၀၀ ကောက်ခံသည်ဟု သိရှိရကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် နေ့လယ်ပိုင်းတွင် ကောင်းသိုက်စိုး အပါအဝင် ကျောက်ဆည်မြို့နယ်၊ ကျားကာရွာနေ CDM မူလတန်းပြ ဝင်းဗိုလ်(ခ)ဘိုဘိုနှင့် မြစ်သားမြို့နယ်၊ မြင်းရွာကြီးကျေးရွာနေ CDM မူလတန်းပြ သန့်စင်ထိုက်တို့ကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့နယ်၊ လှည်းရိုးရပ်ကွက်ရှိ အခကြေးငွေရယူပြီး အမျိုးသမီးများနှင့် ပျော်ပါးရသည့်နေရာ၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူစဉ်ကတည်းက အနာဂတ်လူငယ်များ၏ ပညာရည်မြင့်မားရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။
- ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ ထုတ်ပြန်ခဲ့ပြီး အဆိုပါအချက်များတွင် မည်သည့်အခကြေးငွေကိုမျှ လုံးဝကောက်ခံခြင်းမပြုဘဲ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့။
- နိုင်ငံတော်က ယခုကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်းကို ပညာသင်ကြားနိုင်ရန်နှင့် အနာဂတ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် NUG အမည်ခံ အစွန်းရောက်အဖျက်သမားများက မည်သည့်အတွေးအခေါ်၊ မည်သည့်ရည်ရွယ်ချက်မျိုးများနှင့် ယခုလို လေပေါ်က ကြေညာချက်များထုတ်၊ လေကျောင်းများဖွင့်ပြီး အခကြေးငွေကိုမူ လေနှင့်မကောက်ဘဲ တကယ်ကောက်ခံ၊ ထို့နောက် သောက်စားပျော်ပါးသည့်နေရာနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် သုံးနေသည်မှာ တကယ်ပညာတတ်စေလိုခြင်းလား၊ အလျှုခံကောင်းရုံလားဆိုသည်မှာ ကြည့်လျှင်သိနိုင်ကြောင်း။
- မိဘများအနေဖြင့်လည်း မိမိရင်သွေး၊ မိမိသားသမီးကို အမှန်တကယ်ပညာတတ် စေလိုသည်လား၊ ကိုယ့်အတ္တအရောင်များပါနေလားဆိုသည်ကို သုံးသပ်စေလိုကြောင်း။
- မိမိတို့အနေဖြင့် ဦးစီးဦးဆောင်လုပ်နေသည့်သူများ၊ သွေးထိုးလှုံ့ဆော် ခေါင်းဆောင်လုပ်နေသူများမှအပ ကျောင်းသား၊ ကျောင်းသူမိဘများကို အရေးယူဆောင်ရွက်မည်မဟုတ်ကြောင်းကို နိုင်ငံပိုင်မီဒီယာများ၊ အခြားမီဒီယာများ၏ မေးမြန်းမှုများတွင် ပြောကြားခဲ့ကြောင်း။
- ယင်းအဖွဲ့အစည်းနှင့် ပတ်သက်မိခဲ့သည့် ဆရာ၊ ဆရာမများနှင့် အချို့သော ဆရာ၊ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ပြန်လည်ဆက်သွယ်လာမှုများရှိသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဩဂုတ်လ(၇)ရက်နေ့ နောက်ဆုံးထားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် ဆက်

သွယ်ကြရန် ကြေညာချက်တစ်စောင် ထုတ်ထားကြောင်း၊ အစိုးရအနေဖြင့်လည်း သတ်မှတ်စည်းကမ်းချက်များနှင့် အညီ နေ့စဉ်ပြည်သူ့ဘဝ အေးချမ်းစွာနေထိုင်နိုင်ရေး ဆရာ၊ ဆရာမများကို အာမခံချက်ပေးသည်ကို ထပ်မံအသိပေး ပြောကြားလိုကြောင်း။

- NUG အမည်ခံအကြမ်းဖက်အဖွဲ့၏စေခိုင်းမှုများနှင့် အကြမ်းဖက်သမားများသည် နည်းလမ်းမျိုးစုံဖြင့် ပြည်သူများထံမှငွေညှစ်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မည်သည့်ကဏ္ဍမျှ မလွတ်ကင်းကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြင့်မားရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခက်အခဲ၊ အနှောင့်အယှက်များအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကိုလည်း အားလုံးအသိပင် ဖြစ်ကြောင်း။
- ပညာသင်ကြားပေးနေသည့်၊ ပညာသင်ယူနေကြသည့် ဆရာ၊ ဆရာမများနှင့် ကလေးများကိုပင် လူတစ်ယောက်အနေဖြင့်ရော ဘာသာတရားအလိုက် အဆုံးအမများ၊ ကျင့်ဝတ်များအနေဖြင့်ပါ လက်မခံနိုင်သည့် မိုင်းထောင်ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းများကို အကြမ်းဖက်အဖွဲ့များက လုပ်ဆောင်နေသည်မှာ ကလေးများကို အမှန်တကယ်ပညာတတ်စေလိုခြင်းလားဟု မေးကြည့်စေလိုကြောင်း။
- ယင်းဖြစ်စဉ်တင်သာမက ဖမ်းဆီးရမိသည့် ဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ၎င်းတို့ကိုယ်တိုင်ဝန်ခံထားသည့် ထွက်ဆိုချက်များတွင် ရရှိသည့်အလှူငွေများကို လောင်းကစားလုပ်ခြင်း၊ ကိုယ်ကျိုးအတွက် အိမ်၊ ခြံများဝယ်ခြင်း၊ လက်ဝတ်ရတနာများဝယ်ခြင်း၊ အခကြေးငွေပေး၍ အမျိုးသမီးများနှင့်ပျော်ပါးသည့် နေရာများတွင် သုံးစွဲခြင်းနှင့် မူးယစ်ဆေးသုံးစွဲသည့်နေရာများတွင် အသုံးချနေကြသည်ကို ၎င်းတို့၏ထွက်ဆိုချက်များတွင် တွေ့ရမည်ဖြစ်ကြောင်းပြောကြားခဲ့။
- NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းအသီးသီးတွင် သွေးထိုးလှုံ့ဆော်မှုများကြောင့် ရောက်ရှိနေသည့် လူငယ်များ၏ ရင်လေးဖွယ်ရာအဖြစ်များနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းများကို တွေ့ရမည်ဖြစ်ကြောင်း။
- NUG အကြမ်းဖက်အဖွဲ့အစည်းနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းအသီးသီးတွင် သွေးထိုးလှုံ့ဆော်မှုများကြောင့် ရောက်ရှိနေသည့် အမျိုးသမီးငယ်များရှိပြီး ၎င်းတို့အပေါ်တွင် လိင်ပိုင်းဆိုင်ရာစော်ကားမှုများ၊ အမြတ်ထုတ်မှုများ ရှိနေကြောင်းကို တွေ့ရကြောင်း။
- နှစ်ထပ်ကွမ်းသက်တမ်းရှိနေပြီဖြစ်သည့် နွေဦးတော်လှန်ရေး၊ ၎င်းတို့ယခုပြောသည့် အရေးတော်ပုံကြီး အောင်မြင်ရန် NLD က မွေးခံထိုက်စေဘဝနှင့် ဆင်းသက်လာကြသည့် လက်ပါးစေခေါ်မည်လား လက်ကိုင်တုတ်ခေါ်မည်လား အလှူခံစားနေကြသည့်သူများ တစ်ယောက်နှင့်တစ်ယောက် တည့်ကြရဲ့လား၊ ညီညွတ်ကြသလား၊ စည်းလုံးကြသလား၊ ဖေးမကြသလားဆိုသည်ကို လူမှုကွန်ရက်စာမျက်နှာများတွင် တင်၍ ပြောဆိုနေကြသည်များကိုသာ ကြည့်စေလိုကြောင်း။
- အမေရိကန်လိုနိုင်ငံမျိုး၌ အလုပ်အကိုင်မရှိဘဲ မိသားစုတစ်ခုလုံးကို မည်သည့်အလုပ်မှလည်း မယ်မယ်ရရပြစရာမရှိဘဲ ခေါ်ထားနိုင်ခြင်းသည်လည်း စဉ်းစားစရာပင်ဖြစ်ကြောင်း၊ ယင်းနိုင်ငံတွင်တော့ ထိုက်သင့်သည့် အထောက်အပံ့များ ရလိမ့်မည်ဖြစ်ကြောင်း။
- လူငယ်များအနေဖြင့် စဉ်းစားရန်၊ ဆုံးဖြတ်ရန်၊ တွေးတောဆင်ခြင်နိုင်သည့်၊ ချင့်ချိန်မျှော်တွေးနိုင်သည့် ဉာဏ်များရှိကြရန် မေတ္တာရပ်ခံလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူငယ်များကို သဘောထားကြီးစွာနှင့် ပြန်လည်လက်ခံပေးနေသည့် အချိန်ဖြစ်ကြောင်း။
- ဇူလိုင်လ ၂၆ ရက် နေ့အထိ PDF လူငယ် ၂၅ဝ ဦးခန့်ကို လက်ခံပြီးဖြစ်ကာ ထိုကဲ့သို့ ပြန်လည်လက်ခံရာတွင် ၂၃ဝ ဦး တရားဝင်ပြန်လည်ဝင်ရောက်လာပြီးဖြစ်ကြောင်း၊ ၂၅ဝ ဦးဟုဆိုရာတွင် နောက်ထပ်ဝင်ရောက်လာသူများကို မိမိတို့ စစ်ဆေးနေသည့်သူများရှိကြောင်း။
- ယင်းကိစ္စနှင့်ပတ်သက်၍ အချို့သောမီဒီယာများကလည်း အမျိုးမျိုးရေးသားနေကြသဖြင့် ဇူလိုင်လ၂၂ ရက်တွင် PDF အဖွဲ့မှ အလင်းဝင်ရောက်လာသည့် ငပုတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ NLD လွှတ်တော် ကိုယ်စားလှယ်လောင်း သက်ပိုင်စိုး ကိုယ်တိုင်ပြောကြားထားသည့် Video File ကို ပြသခဲ့။
- ဆက်လက်၍ အလင်းဝင်ရောက်လာသည့် ငပုတောမြို့နယ်၊ NLD တိုင်းဒေသကြီး(၂) ကိုယ်စားလှယ်ဟောင်း ကိုသက်ပိုင်ဇော်၏ပုံအား ပြသ၍ ၎င်းအား စစ်ဆေးမေးမြန်းချက်များအရ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည်ကိုလည်း စစ်ဆေးတွေ့ရှိရကြောင်း၊ မိမိတို့လက်ခံနေသည်ဆိုသည့်ကိစ္စသည် အလိမ်အညာဖြစ်သည်ဟုပြောနေကြသည့် မီဒီယာများကို မည်သည့်အချက်အလက်များကို သက်သေအထောက်အထားပြု၍ အလိမ်အညာများဟု ပြောနေသည်လဲဟု မေးလိုကြောင်း။

အလင်းပြန်လည် ဝင်ရောက်ရန်အတွက် အချို့ဆက်သွယ်လိုသော်လည်း အနှောင့်အယှက်များ၊ အခက်အခဲများ၊

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ**







ယုံကြည်စိတ်ချရမှုနှင့်ပတ်သက်၍ သံသယရှိနေမှုများရှိနေသည်ကို မိမိတို့ကြားသိရကြောင်း၊ ထို့ကြောင့် အစိုးရအနေနှင့် ယခင်က ကြိုဆိုလက်ခံရေးစခန်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၌ လက်ခံရုံတင်မက ယခုဒေသမြို့နယ်ဆိုင်ရာ ကြက်ခြေနီအသင်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ၊ လူမှုဝန်ထမ်းရုံးများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် လူမှုကူညီရေးအသင်းများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆောင်ရွက်လျက်ရှိကြောင်း၊ တံခါးကျယ်ကျယ်ဖွင့်ထားသဖြင့် ရဲရဲသာလျှောက်လှမ်းခဲ့ကြပါဟု မေတ္တာရပ်ခံလိုကြောင်းပြောကြားခဲ့ပါသည်။

**မြဝတီသတင်းစာ(၂၇-၇-၂၀၂၂)**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slide**


- နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့၏ ဇူလိုင်လ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရုရှား ခရီးစဉ်၌ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်ကဏ္ဍအဆင့်မြှင့်တင်ရေး၊ နူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ သိပ္ပံနှင့် သုတေသနစမ်းသပ်ခြင်း၊ သိပ္ပံနှင့်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုး တက်ရေး၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၌ နိုင်ငံရေးဖြစ်ပေါ် ပြောင်း လဲမှုအခြေအနေများ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံ ဆက်လက်ပူးပေါင်းဆောင် ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့။
- ဇူလိုင်လ ၂၂ ရက်က ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်အစိုးရ၏ စီးပွားရေးကော်မတီ အစည်းအဝေး ဆုံး ဖြတ်ချက်အရ နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်းဝန်ထမ်းများ)ကို အိမ်ငှားစရိတ်အဖြစ် အိမ်ထောင် သည်ဖြစ်ပါက မူရင်းလစာ၏ ၈ % နှင့် လူပျိုဖြစ်ပါက ၄ % ကို ထောက်ပံ့ပေးသွားမည်ဖြစ်၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြိမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် ၁၀,၀၀၀ ကျပ်ကိုလည်း လစဉ်ထောက်ပံ့ သွားမည်ဖြစ်။
- ကိုဗစ်-၁၉ ကပ်ရောဂါကာလကတည်းက ထိခိုက်ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏စီးပွားရေး ပြန်လည်ဦးမော့ လာစေရန် ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှု ရန်ပုံငွေမှ ကျပ် ၄၉၁ ဘီလီယံကျော်အနက် ကျပ် ၄၀၀ ဘီလီယံကို သီးသန့်ရန်ပုံငွေ ထူထောင် ဆောင်ရွက်သွားမည်ဖြစ်။
- ပြည်ဖျက်မီဒီယာများ၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ PDF အဖွဲ့များ သုံးနှုန်းနေသည့် ပျူစောထီးတပ် ဆိုသည်မှာ ပါလီမန်ဒီမိုကရေစီခေတ်က ဦးနု၏ အာဏာရပါတီက ဒီမိုကရေစီအနိုင်ကျင့်မှုအတွက် ဖွဲ့စည်း ထားသည့်အဖွဲ့မျိုးသာဖြစ်။
- ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းချက်ရလဒ်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ ၂ ဖွဲ့၊ စုစုပေါင်း ၉ ဖွဲ့ က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သလို ယခင်တွေ့ဆုံပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ**









**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ**









# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ပြောကြားချက်များမှ ကောက်နုတ်ချက်




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးပြောကြားချက်မှာ–

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ အရ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးအကောင်အထည်ဖော်ရာတွင် ခိုင်မာအားကောင်းသည့်နိုင်ငံရေးပါတီများဖြစ်လာစေရန်နှင့် ယခင်ကမစစ်ဆေးနိုင်ခဲ့သည့်နိုင်ငံရေးပါတီများကို စစ်ဆေးရန် လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများ၏စာရင်းများကို စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီဌာနချုပ် အခြေစိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။
- ထိုသို့စစ်ဆေးရာတွင် နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းမှု၊ ပါတီဝင် အင်အားစာရင်းနှင့် ပါတီရုံးခန်းများဖွင့်လှစ်ထားရှိမှုတို့ကို စစ်ဆေးခြင်း၊ ပါတီဝင်ကြေး၊ လစဉ်ကြေးများ၊ ပြည်တွင်း အလှူရှင်များက လှူဒါန်းသော ငွေကြေး၊ ပစ္စည်းစာရင်းနှင့် ပါတီပိုင် စီးပွားရေးလုပ်ငန်းများအား စစ်ဆေးခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ သတ်မှတ်ထားသော အသုံးစရိတ်များ သုံးစွဲခြင်းရှိ / မရှိ စစ်ဆေးခြင်း။
- ပါတီပိုင် ရန်ပုံငွေ၊ ပါတီပိုင်ပစ္စည်းများနှင့် ပတ်သက်သည့် စာရင်းဇယား၊ မှတ်တမ်းများအား စနစ်တကျ ပြုစုထိန်းသိမ်းထားခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ပါတီကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ အသုံးစရိတ်များကို စနစ်တကျ ပြုစုထိန်းသိမ်းထားခြင်း ရှိ/မရှိ စစ်ဆေးခြင်း။
- နိုင်ငံရေးပါတီများစစ်ဆေးပြီးစီးမှုအနေဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအထိ စစ်ဆေးပြီးစီးခဲ့သည့် နိုင်ငံရေးပါတီ ၅၁ ပါတီ ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လတတိယပတ်အထိ စစ်ဆေးပြီးစီးခဲ့သည့် နိုင်ငံရေးပါတီ ၃၅ ပါတီရှိသည့်အတွက် စုစုပေါင်းနိုင်ငံရေးပါတီ ၈၆ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း။
- စစ်ဆေးရန် ကျန်ရှိသည့် နိုင်ငံရေးပါတီ ၇ ပါတီကိုလည်း ဆက်လက်စစ်ဆေးသွားမည်ဖြစ်ပြီး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် ချို့ယွင်းအားနည်းချက်များကို အသေးစိတ်မှာကြားခဲ့ပြီးဖြစ်သောကြောင့် နောက်တစ်ကြိမ် စစ်ဆေးရာတွင် အလားတူအားနည်းပျက်ကွက်မှုများ တွေ့ရှိရပါက

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်ကို အသိပေးတင်ပြလိုကြောင်း။

- မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက်(Pilot Project)ဆောင်ရွက်ခြင်းကို ၁၄-၂-၂၀၂၂ ရက်နေ့မှစ၍ ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း။
- ထိုသို့ဆောင်ရွက်ရာ၌ တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း။
- ယခုအခါတွင် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအနေဖြင့် အနီးကပ်လိုက်လံစစ်ဆေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။
- မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၂၆ ရက်ထိ ဆောင်ရွက်ပြီး ၂၉၈ မြို့နယ်၊ ဆောင်ရွက်ဆဲ ၁၄ မြို့နယ်နှင့် ဆောင်ရွက်ရန်ကျန် ၁၃ မြို့နယ် ဖြစ်ကြောင်း။
- ဆောင်ရွက်ရန် ကျန်သည့်မြို့နယ်များအနေဖြင့် ကယားပြည်နယ် ၂ မြို့နယ်၊ ချင်းပြည်နယ် ၇ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ၄ မြို့နယ်တို့ဖြစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုက်ဆိုင်စစ်ဆေးပြီးဖြစ်သော အခြေခံလူဦးရေစာရင်းများကို ရယူပြီး ကနဦးမဲဆန္ဒရှင်များ စိစစ်ခြင်းစနစ် (Initial Voter List Scr-utinizer-IVLS Software)ကို အသုံးပြုစိစစ်လျက်ရှိကြောင်း။
- IVLS Software အသုံးပြုနည်းလမ်းညွှန်သင်တန်းများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပို့ချခဲ့ပြီးဖြစ်ကာ စစ်ဆေးရာတွင် တွေ့ရှိရသည့် သေဆုံးသူများအပါအဝင် မြေပြင်အခြေအနေစာရင်းဇယားများကို သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ပြီး အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်ရွေးကောက်ပွဲများ၏ အားနည်းချက်များ၊ ချို့ယွင်းချက်များကို လေ့လာသုံးသပ်ပြီး ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည့် လူသားအရင်းအမြစ်များဖြည့်တင်းခြင်း၊ လေ့ကျင့်သင်တန်း ပေးခြင်း၊ အခြေခံအဆောက်အအုံများဖြစ်သည့် ကော်မရှင်အဖွဲ့ခွဲရုံးများ တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slide**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီဌာနချုပ် အခြေစိုက်သည့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်။**
- **နိုင်ငံရေးပါတီများစစ်ဆေးပြီးစီးမှုအနေဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လ မှ ဒီဇင်ဘာလအထိ စစ်ဆေးပြီးစီးခဲ့သည့် နိုင်ငံရေးပါတီ ၅၁ ပါတီ ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ မှ ဇူလိုင်လတတိယပတ်အထိ စစ်ဆေးပြီးစီးခဲ့သည့် နိုင်ငံရေးပါတီ ၃၅ ပါတီရှိသည့်အတွက် စုစုပေါင်းနိုင်ငံရေးပါတီ ၈၆ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်။**
- **နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင်တွေ့ရှိရသည့် ချို့ယွင်းအားနည်းချက်များကို အသေးစိတ်မှာကြားခဲ့ပြီးဖြစ်သောကြောင့် နောက်တစ်ကြိမ်စစ်ဆေးရာတွင် အလားတူအားနည်းပျက်ကွက်မှုများ တွေ့ရှိရပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်ကို အသိပေးတင်ပြလို။**
- **မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဌာနများက ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်ပေါင်း ၃၂၅ မြို့ နယ်တွင် ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၂၆ ရက်ထိ ဆောင်ရွက်ပြီး ၂၉၈ မြို့နယ်၊ ဆောင်ရွက်ဆဲ ၁၄ မြို့နယ်နှင့် ဆောင်ရွက်ရန်ကျန် ၁၃ မြို့နယ်ဖြစ်။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက် တိုက်ဆိုင်စစ်ဆေးပြီးဖြစ်သော အခြေခံလူဦးရေစာရင်းများကို ရယူပြီး ကနဦးမဲဆန္ဒရှင်များ စိစစ်ခြင်းစနစ် ( Initial Voter List Scrutinizer – IVLS Software ) ကို အသုံးပြု စိစစ်လျက်ရှိ။**
- **ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည့် လူသားအရင်းအမြစ်များ ဖြည့်တင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ အခြေခံအဆောက်အအုံများဖြစ်သည့် ကော်မရှင်အဖွဲ့ခွဲရုံးများ တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိ။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ**









# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေကောက်နုတ်ချက်များ

**Myanmar National Post** က အစွန်းရောက်အကြမ်းဖက်ပါတီ NLD က ယခု လက်ရှိတာဝန်ယူဆောင်ရွက်နေသည့် UEC ကို တရားမဝင်ကြောင်း၊ ကျင်းပမည့် ရွေးကောက်ပွဲကိုလည်း ၎င်းတို့အနေဖြင့်လက်မခံနိုင်၍ ထုတ်ပြန်ထားကြောင်း၊ အဆိုပါထုတ်ပြန်ချက်အပေါ် UEC အနေဖြင့်မည်ကဲ့သို့ သဘောထားမှတ်ချက်ပေးလိုသည်ကို သိလိုကြောင်းနှင့် ၎င်းတို့၏ပြောဆိုချက်မှာ ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိကို သုံးသပ်ပြောကြားပေးစေလိုကြောင်း မေးမြန်းချက်ကို-



Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ယခုရက်ပိုင်းတွင် Social Media အွန်လိုင်း၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်ကော်မတီဆိုသည့်အမည်ဖြင့် သတင်းထုတ်ပြန်ချက်ထုတ်ပြန်ခဲ့သည်ကို တွေ့ရသော်လည်း ယင်းထုတ်ပြန်ချက်မှာ အွန်လိုင်းထုတ်ပြန်ချက်ဖြစ်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံရေးပါတီများကို စစ်ဆေးလျက်ရှိရာတွင် တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီရှိသည့် အနက် ၈၅ ပါတီကို စစ်ဆေးပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီ ၇ ပါတီကို စစ်ဆေးရန်ကျန်ရှိနေသေးပြီး ထိုနိုင်ငံရေးပါတီ ၇ ပါတီတွင် NLD ပါတီလည်း အပါအဝင်ဖြစ်ကြောင်း။
- NLD ပါတီကိုစစ်ဆေးရာတွင် ပါတီတွင်အဓိကတာဝန်ရှိသူများဖြစ်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင်ပါဝင်သည့် ပုဂ္ဂိုလ်တချို့သည် ဖမ်းဆီးထိန်းသိမ်းခံနေရသလို တချို့မှာ ထွက်ပြေးနေပြီး တချို့မှာ တိမ်းရှောင်လျက်ရှိကြောင်း။
- ထို့ကြောင့် မိမိအနေဖြင့်ပြောလိုသည်မှာ အွန်လိုင်းပေါ်တွင် ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်ကို အတည်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တစ်ဖက်သတ်ဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်မည်ဆိုပါက တရားမျှတမှုရှိနိုင်မည်မဟုတ်သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီကို စစ်ဆေး၍ အတည်ပြုပြီးမှသာလျှင် ဥပဒေနှင့်အညီဆုံးဖြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**One News သတင်းဌာန**က ၂၀၂၃ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကို သေချာပေါက်ကျင်းပနိုင်ခြင်းရှိ၊ မရှိ သိလိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း စုံစုံလင်လင်ပါဝင်ယှဉ်ပြိုင်နိုင်မှုရှိ/မရှိ သိလိုကြောင်း၊ မည်ကဲ့သို့သော အခက်အခဲများ ရှိလာနိုင်သည်ကို သိလိုကြောင်းမေးမြန်းချက်ကို-



One News သတင်းဌာနမှ ထုတ်လုပ်သူ ဦးသွင်ထူးအောင်

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ပါဝင်သည့် လုပ်ငန်းစဉ်(၁)နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်(၅)တွင်ပါဝင်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

- တည်ဆဲနိုင်ငံရေးပါတီများကိုလည်း ဥပဒေနှင့်အညီစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ၄ ကြိမ်တွေ့ဆုံခဲ့ပြီး ရွေးကောက်ပွဲစနစ်အပါအဝင် အခြားကိစ္စများတွင် ဆွေးနွေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်ထားကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်အားနည်းချက်များကို သုံးသပ်၍ ဥပဒေမူဘောင်အရ လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ မဲစာရင်းများအပါအဝင် အခြားလိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။
- ထိုကဲ့သို့ဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့ရပါကလည်း ထိုအခက်အခဲများကို အောင်အောင်မြင်မြင်ကျော်ဖြတ်၍ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာအားလုံးနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**သူရိယနေဝန်းသတင်းဌာန**က လက်ရှိလူပြောများနေသည့် အကြမ်းဖက်လုပ်ရှားမှုများကို ကြိုးကိုင်ပြီး ရန်ကုန်တိုင်းအတွင်းတွင် လူ့အသက်ပေါင်းများစွာကို သေစေခဲ့သည့်အမှုများတွင် တာဝန်ရှိသည့် ဂျင်မီနှင့် ဖြိုးဇေယျာသော်အပါအဝင် ၄ ဦးအား အကျဉ်းဦးစီးဌာနမှ ၎င်းတို့လုပ်ထုံးလုပ်နည်းအတိုင်းစီရင်ဆောင်ရွက်ခဲ့မှုအား နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ ပြည်ပတွင် ရှိနေသည့် ပြည်ဖျက်မီဒီယာများ မြန်မာနိုင်ငံတွင်ရှိသည့် နိုင်ငံခြားသံရုံးများမှ ထုတ်ပြန်ချက်မျိုးစုံဖြင့် ရှုတ်ချဆန့်ကျင်နေမှုများရှိကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးအနေဖြင့် လက်ရှိအစိုးရ၏ သဘောထားကို ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်ဖြေကြားပေးစေလိုကြောင်း မေးမြန်းချက်ကို-



**သူရိယနေဝန်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမိုးဟိန်း**

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** အဆိုပါကိစ္စနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူအများအပြား တရားမျှတမှုရရှိစေရေးနှင့် ပြည်သူနှင့် နိုင်ငံတော်အကြားတွင် တရားမျှတမှုရှိစေရေးပင်ဖြစ်ကြောင်း။
- အပြစ်မဲ့ပြည်သူများ ဥပဒေမဲ့ အကြမ်းဖက် ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်းခံခဲ့ရသဖြင့် သေဆုံးခဲ့ရသည့် နစ်နာခဲ့ရသည့်ပြည်သူများကိုယ်စား တရားရုံးအစဉ်အဆက်မှ လုပ်ထုံးလုပ်နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါတရားခံများကို ခုခံချေပခွင့်ပေးခဲ့ပြီး သက်သေအထောက်အထားအပြည့်အစုံအပေါ် အခြေပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း။
- ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်အတည်ပြု ချမှတ်ဆောင်ရွက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး ဝေဖန်မှုများ၊ ကန့်ကွက်မှုများ ဖြစ်ပေါ်လာနိုင်သည်ကို မိမိတို့သိသော်လည်း ပြည်တွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအရ မဖြစ်မနေဆောင်ရွက်ခဲ့ရခြင်းပင်ဖြစ်ကာ ၎င်းတို့စွပ်စွဲနေသည့် ပုဂ္ဂိုလ်ရေးအရ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း။
- ဖြိုးဇေယျာသော်ကို စစ်ဆေးချက်အရ အကြမ်းဖက်ကျူးလွန်မှုများတွင် လက်နက်/ခဲယမ်း ထောက်ပံ့နေသည့်အချိန်တွင် ဖမ်းမိခဲ့ကြောင်း၊ ၎င်း၏စီစဉ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၉ ဦး၊ ပြည်သူ ၁၂ ဦး စုစုပေါင်း ၂၁ ဦးသေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူ ၁၄ ဦးရှိကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ ၎င်း၏ထွက်ဆိုချက်များတွင် အခိုင်အမာရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အကြမ်းဖက်ဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)၊ ၅၀(ည)တို့နှင့်အရေးယူပြီး တရားရုံးအဆင့်ဆင့်မှ ခုခံချေပခွင့် ပေးပြီးမှသာ တရားရုံးက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။
- ကျော်မင်းယု(ခ)ဂျင်မီကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းသည် ဖြိုးဇေယျာသော်နှင့်ပူးပေါင်း၍ မွန်းလိုက်အော်ပရေးရှင်းဆိုသည်ကို လုပ်ခဲ့ကြောင်း၊ ထို့အပြင် ရန်ကုန်တွင်ရှိသည့် စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အုပ်ချုပ်ရေးမှူးများကို ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်ခြင်းများလုပ်ဆောင်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ပုဂ္ဂလိကဘဏ်များကို တိုက်ခိုက်ခြင်း၊ လက်နက်၊ ငွေကြေးထောက်ပံ့ခြင်းများကြောင့် ၎င်းအား ၄၉(က)၊ ၅၀(ဈ)၊ ၅၀(ည) တို့ဖြင့် တရားစွဲဆို၍ သေဒဏ်အမိန့်အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း။

- ကျန် ၂ ဦးသည် လှိုင်သာယာတွင်ရှိသည့် အမျိုးသမီးတစ်ဦးကို အိမ်အထဲတွင် ပိတ်လှောင်ခြင်း၊ ထို့နောက် ကားဖြင့် တွံတေးဘက်သို့ ခေါ်ဆောင်ပြီး ဆွဲကြိုး၊ လက်စွပ်များယူ၍ ဓားဖြင့် ၂၁ ချက်ခန့်ထိုးသတ်ခဲ့ခြင်းကြောင့် တရားရုံးက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြစ်ဒဏ်များကို တရားရုံးမှချမှတ်ပြီး ၎င်းတို့အခွင့်အရေးဖြစ်သည့် အယူခံလွှာတင်ခြင်း၊ အသနားခံစာတင်ခြင်းများ ခွင့်ပြုခဲ့သော်လည်း ၎င်းတို့ကျူးလွန်ခဲ့သည့်ပြစ်မှုများသည် အခြားသေဒဏ်ချမှတ်ခြင်းခံရသည့် ပြစ်မှုများနှင့် နှိုင်းယှဉ်ပါက သေဒဏ်ကို အကြိမ်ကြိမ်ချမှတ်ခံထိုက်သည့် ကျူးလွန်သည့် ပြစ်မှုများဖြစ်ခြင်းကြောင့် ထိုအယူခံလွှာ၊ အသနားခံစာများကို ပလပ်ခဲ့ကြောင်း။
- ၎င်းတို့အနေဖြင့် ဦးစီးဦးဆောင်လုပ်ခဲ့သည်၊ လူဦးရေမည်မျှသတ်ခဲ့သည်၊ လက်နက်ခဲယမ်း မည်မျှထောက်ပံ့သည်ကို ၎င်းတို့ထွက်ဆိုချက်များတွင်ပါပြီး ဖြစ်သလို ယခင်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ၎င်းကျူးလွန်ခဲ့မှုများနှင့် ပတ်သက်၍ အခိုင်အမာရှင်းပြပြီးဖြစ်ကြောင်း။
- ထို့ကြောင့် ၎င်းတို့သည် အခြားသေဒဏ်ချမှတ်ခံရသူများ၏ ပြစ်မှုများနှင့်မတူဘဲ သေဒဏ်အကြိမ်ကြိမ်ကျခံထိုက်သည့် ပြစ်မှုများကိုကျူးလွန်သူများဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာဖြင့်ကြီးမားသည့် ထိခိုက်နစ်နာမှုဖြစ်အောင် ဆောင်ရွက်ခဲ့သူများဖြစ်ကြောင်း။
- ထို့ကြောင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကိုရှေးရှုပြီး ၎င်းတို့၏ပြင်ဆင်မှုလျှောက်လွှာများ၊ အယူခံများ၊ အသနားခံစာများကိုပလပ်ပြီးပြစ်မှုကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း။
- ပြစ်မှုအတည်ပြုပြီးသော်လည်း အကျဉ်းထောင်လက်စွဲ အပိုင်း ၁၄ အတိုင်း သေဒဏ်ချမှတ်ခံရသည့် အကျဉ်းသားများဆိုသည့်အခန်းအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ရပိုင်ခွင့်များဖြစ်သည့် တွေ့လိုသူများနှင့် Video Conferencing စနစ်ဖြင့်တွေ့ပေးခဲ့ကာ စီရင်ရမည့်အတိုင်း စီရင်ခဲ့ခြင်းဖြစ်ကြောင်း။
- ယင်းကိစ္စနှင့် ပတ်သက်ပြီး သေဆုံးသူ၏ရုပ်အလောင်းပြန်ပေးခြင်း၊ မပေးခြင်းနှင့်ပတ်သက်၍ အကျဉ်းထောင်လက်စွဲစာစောင်တွင် ပါရှိပြီးဖြစ်သလို ထောင်မှူး၊ ထောင်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်သာဖြစ်ကြောင်း။
- မိမိတို့အနေဖြင့် ယင်းကိစ္စများကို ပုဂ္ဂိုလ်ရေးအရနှင့် ဒီမိုကရေစီရေးအရ လုပ်ဆောင်ခြင်းမဟုတ်ဘဲ လူသတ်ရမ်းကားခဲ့သည့် အကြမ်းဖက်သမားများကို ထိုက်သင့်သည့် ပြစ်ဒဏ်ကို ပေးခြင်းပင်ဖြစ်ကြောင်း။
- လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် မိသားစုများ၊ ဆွေမျိုးသားချင်းများ၏စိတ်ခံစားချက်များကို ထည့်တွက်ရန်လိုသည်ဟု မိမိအနေဖြင့်ပြောလိုကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် ICCPR ပရိုတိုကောတွင် သေဒဏ်ချမှတ်ခြင်းနှင့် ပတ်သက်၍ လက်မှတ်ရေးထိုးထားခြင်းမရှိသဖြင့် အပြစ်တစ်စုံတစ်ရာမရှိဘဲ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် ပြည်သူများနှင့် ၎င်းတို့၏ဆွေမျိုးသားချင်းများ၏မျက်နှာကို ထောက်ရှုပြီး မလွှဲမရှောင်သာ၍ ပြစ်မှုကျူးလွန်သည့် တရားခံများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။
- မိမိတို့အနေဖြင့် တရားဥပဒေ၏ ဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရားဥပဒေကို ကျော်လွန်၍ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

**သူရိယနေ့ဝန်းသတင်းဌာနက** NLD အစိုးရ လက်ထက်တွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားသားအကြံပေးတစ်ရာနီးပါးကို ပြည်သူ့ဘဏ္ဍာငွေ ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲငှားရမ်းခဲ့ကြောင်း၊ ထို့သို့ နိုင်ငံခြားသားအကြံပေးများ ငှားရမ်းလုပ်ဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ လျှို့ဝှက်ချက်များပေါက်ကြားခြင်း၊ နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ ပေါက်ကြားခြင်း၊ အမျိုးသားလုံခြုံရေးကို ပေါက်ကြားခြင်းများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းနိုင်ငံခြားသား တစ်ရာကျော်ကြောင့် မလိုအပ်ဘဲနှင့် နိုင်ငံတော်အတွင်းရေးများကို ပေါက်ကြားခဲ့ပြီး မြန်မာနိုင်ငံ၏အနာဂတ်ကို နိုင်ငံတကာလက်ထဲထည့်ခဲ့ခြင်းကြောင့် လက်ရှိဖြစ်နေသည့် တိုင်းပြည်မတည်မငြိမ်မှုများ၊ အလုံးစုံပျက်သုဉ်းမှုများ၊ ထိန်းမနိုင်သိမ်းမရဖြစ်ခြင်းများ၊ NUG၊ PDF၊ CRPH တို့၏ Plan များသည် နိုင်ငံခြားသားတစ်ရာကျော်ကို ငွေပေးပြီး တိုင်းပြည်အနာဂတ်ကို ဖျက်ဆီးရန်ကြိုတင်ကြံစီခဲ့သည့် လုပ်ရပ်များဖြစ်ခြင်းကြောင့် ယင်းလုပ်ရပ်သည် နိုင်ငံတော်အပေါ် သစ္စာဖောက်သည့်လုပ်ရပ်ဟု စွပ်စွဲ၍ရကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်လက်ထက်၌ လုပ်ဆောင်ခဲ့သည့် သစ္စာဖောက်လုပ်ရပ်မျိုးများ ထပ်မံမပေါ်ပေါက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ ဆောင်ရွက်ထားသည်ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပေးစေလိုကြောင်း မေးမြန်းချက်ကို–

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** ယခင်အစိုးရလက်ထက်တွင် နိုင်ငံခြားသား အကြံပေးများ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နေရာမှစပြီး ဝန်ကြီးဌာနအသီးသီးတွင် ရောက်ရှိ

နေသည့်ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်များတွင် မေးခွန်းမေးမြန်းခြင်းများပြုလုပ်ရာတွင် မေးခွင့်ရသည်များရှိသလို မေးခွင့်မရသည်များလည်းရှိကြောင်း၊ မေးခွင့်ရသော်လည်း ကျေကျေနပ်နပ်ရှင်းပြခြင်းများမရှိကြောင်း။

- ယင်းကိစ္စနှင့်ပတ်သက်၍ မိမိတို့လက်တွေ့ဆောင်ရွက်နေသည်မှာ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေနှင့် တရားစွဲဆိုထားခြင်းမျိုးရှိကြောင်း၊ ဥပမာ-ရှောင်တာနယ်ကို နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေနှင့် တရားစွဲဆိုထားကြောင်း၊ ၎င်းထံမှ ရရှိသည့်အချက်အလက်များလည်းရှိပြီး ဆက်စပ်ပြီး ထပ်မံဖော်ထုတ်ရန်ရှိနေဆဲဖြစ်သည်ဟု ပြောလိုကြောင်း။
- ယင်းကိစ္စများနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့်အချိန်တွင် သိရသည်များအထဲမှ သိသင့်သည်များကို ထုတ်ပြန်ပေးသွားနိုင်မည်ဟုမျှော်လင့်ကြောင်း။
- ထို့အပြင် ဂျော့ဆိုးရော့ကိစ္စများ၊ သတင်းထောက်နှစ်ယောက်ကိစ္စများသည် မိမိတို့နိုင်ငံတွင် အမှန်တစ်ကယ်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များဖြစ်ကြောင်း၊ သက်ဆိုင်ရာ လူများတောင်မသိဘဲ ဆောင်ရွက်ခဲ့သည့်ကိစ္စမျိုးများရှိကြောင်း။
- ထိုနိုင်ငံခြားသားအကြံပေးများကြောင့် ရခိုင်ကိစ္စများသည် မကြီးသင့်ဘဲကြီးခဲ့ရကြောင်း၊ ယင်းကိစ္စအား မကြာသေးမီရက်ပိုင်းတွင် ICJ သွားရောက်ကြားနာခဲ့ရသည်များ ရှိခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အကြံပေးများခန့်အပ်ရာတွင် မိမိနိုင်ငံကို အမှန်တစ်ကယ်ချစ်မြတ်နိုးသည့်သူများ၊ ပြည်သူလူထုအကျိုးကို ဆောင်ရွက်နိုင်သူများကိုသာ ခန့်အပ်ထားသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း။
- မိမိတို့လက်ထက်တွင် ဆောင်ရွက်နိုင်သော်လည်း နောင်ရွေးကောက်ပွဲပြီးသွား၍ အစိုးရတစ်ရပ်တက်လာခဲ့လျှင် အပြောင်းအလဲမဖြစ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ယခုအချိန်မှစပြီး အခြေခံအုတ်မြစ်ချထားရမှာဖြစ်ကြောင်း။
- အဘယ့်ကြောင့်ဆိုသော် ယခင်လက်ထက် ၂၀၁၀ မှ ၂၀၁၅ အကြားတွင် နိုင်ငံခြားသားအကြံပေးများ ငှားရမ်းမှုမရှိသလောက်ဖြစ်ခဲ့ပြီး ၂၀၁၅ နောက် ပိုင်းမှသာ ငှားရမ်းမှုများရှိခဲ့ခြင်းကြောင့် ယင်းအစိုးရနှစ်ရပ်အကြားတွင်လည်း ကွာခြားမှုရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုကတည်းက အခြေခံအုတ်မြစ်ချထားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြန်လည်ဖြေကြားခဲ့။

**Myanmar Hard Talk သတင်းဌာနက** ဗဟိုဘဏ်က ဒေါ်လာငွေများကို ချုပ်ကိုင်လာခြင်းနှင့် နိုင်ငံခြားကြွေးမြီများကို ပြန်ဆပ်ရန် ဆိုင်းငံ့ခိုင်းခြင်းနှင့် ပတ်သက်ပြီး မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဖြေကြားစေလိုကြောင်း၊ NUG အကြမ်းဖက်အုပ်စုများက ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များကို အွန်လိုင်းကတစ်ဆင့် ဆက်ကြေးများကောက်ခံခြင်း၊ ဆက်ကြေးမပေးလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ခံရသည်အထိရှိသည်ဟု ကြားသိရသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များဘက်မှ အကာအကွယ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်ကဲ့သို့ စီစဉ်ထားသည်ကို သိလိုကြောင်း မေးမြန်းချက်ကို-



**Myanmar Hard Talk သတင်းဌာနမှ အယ်ဒီတာ ဦးဥက္ကာ**

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** ဗဟိုဘဏ်၏ ဒေါ်လာနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်စေရန်နှင့် နိုင်ငံခြားငွေထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ကို ထုတ်ပြန်ခဲ့ကြောင်း။
- ပြည်ပချေးငွေများ ဆိုင်းငံ့ခြင်းသည် လုပ်ငန်းရှင်များအနေဖြင့် ကိုဗစ်ကာလ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန်အတွက် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ငွေကြေးမတည်မှုနှင့် လုပ်သားရရှိနိုင်ရန်အရေးကြီးကြောင်း။
- ချည့်နဲ့စပြုလာသည့်လုပ်ငန်းများအနေဖြင့် ခွန်နှင့်အားနှင့်ရုန်းကန်လုပ်နေရသည့် အချိန်ဖြစ်ကြောင်း၊ မတည်ရင်းနှီးထားသည့်ငွေရင်းနှင့် ပြည်တွင်း၊ ပြည်ပကရယူထားသည့် ချေးငွေများသည် အဓိကအချက်တွင် ပါဝင်ကြောင်း။
- ပြည်တွင်းချေးငွေများနှင့်ပတ်သက်ပြီး ချေးငွေများပြန်ဆပ်ရမည့်အစီအမံကာလတစ်ခုကို ဖြေလျှော့ပေးထားကြောင်း၊

ကိုဗစ်အလွန် လုပ်ငန်းများပြန်လည်စတင်ချိန်တွင် ငွေရင်း ထပ်မံတိုးချဲ့ရေးအတွက် အခက်အခဲရှိသကဲ့သို့ ချေးယူထားသည့် ငွေများရှိပါက ယင်းချေးငွေများကို အတိုးနှင့် အရင်းများ ပေးဆပ်ရန်ရှိမှာ ဖြစ်ကြောင်း။

- ယင်းနှစ်ခုအနက်မှ ပြန်လည်ပေးဆပ်ရမည့်ကိစ္စရပ်များအတွက် ဗဟိုဘဏ်အနေဖြင့် ကာလတစ်ခုဆိုင်းငံ့စေခြင်းသည် လုပ်ငန်းရှင်များအရှိန်ရယူနိုင်ရန် အထောက်အပံ့ဖြစ်စေခြင်းသာ ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ဆိုင်းငံ့လိုသည်ဆိုလျှင် ထိုအတိုင်းဆိုင်းငံ့၍မရဘဲ Payment Schedule အရ ပြန်လည်ပေးဆပ်ရမည့်အစီအစဉ်ကို ငွေချေးယူသူနှင့် ငွေချေးငှားသူတို့သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်ရန် အသိပေးအကြောင်းကြားခြင်းဖြစ်ကြောင်း။
- ယင်းကိစ္စများနှင့်ပတ်သက်ပြီး Negative Impact ဖြစ်စရာအကြောင်းမရှိကြောင်း၊ လိုရာဆွဲတွေးပြီး အကျိုးမဲ့စေမည့်ဖြစ်ရပ်မရှိကြောင်း၊ အပြုသဘောဆောင်သည့် မှတ်ချက်ပြုပြီး ပြည်သူလူထုကို အနှောင့်အယှက်လုပ်ရင်း ငွေဈေးနှုန်း၊ ကုန်ဈေးနှုန်းများတက်အောင် လုပ်ဆောင်ခြင်းဖြစ်သည်ဟု မိမိမြင်ကြောင်း။
- ယင်းကိစ္စများသည် သဘောတူညီချက်များနှင့် လုပ်ဆောင်သွားရမည့်ကိစ္စများဖြစ်ပြီး မိမိရပ်ဆိုင်းလိုတိုင်း ရပ်ဆိုင်း၍မရကြောင်းနှင့် သဘောတူညီချက်ရယူပြီး လုပ်ဆောင်ရမည်ဖြစ်ကြောင်း။
- အွန်လိုင်းမှတစ်ဆင့် ခြိမ်းခြောက်ခြင်းများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့်စီးပွားရေးလုပ်ငန်းရှင်များအား အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**သူရိယနေ့ဝန်းသတင်းဌာနက** စောနယ်ဒါးမြဦးဆောင်သည့် ကော်သူးလေလက်နက်ကိုင်အဖွဲ့ကို KNU နှင့် KNLA/ KNDO စသည့် EAO အဖွဲ့များက အသိအမှတ်မပြုသည့်အပြင် စောနယ်ဒါးမြကိုလည်း KNU မှ ထုတ်ပယ်လိုက်သည့် Statement ကိုလည်း တွေ့ရကြောင်း၊ ကော်သူးလေလက်နက်ကိုင်အဖွဲ့ကို ပြင်းထန်စွာ အရေးမယူလျှင် နောက်နောင်လက်နက်ကိုင်များစွာ၊ အဖွဲ့ပေါင်းများစွာ ပေါ်ပေါက်လာမည်ကိုလည်း စိုးရိမ်မိသောကြောင့် အဆိုပါလက်နက်ကိုင်အဖွဲ့ကို EAO အဖွဲ့အဖြစ် သတ်မှတ်ဆွေးနွေးမည်လား၊ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ချေမှုန်းမည်လားဆိုသည်ကို ရှင်းလင်းပြတ်သားစွာ သိလိုပါကြောင်း မေးမြန်းချက်ကို-

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** KNU မှခွဲထွက်ခြင်းသည် KNU ထဲတွင် NCA လမ်းကြောင်းကို လိုလားသည့်လူများ၊ တပ်များရှိနေသဖြင့် ခွဲထွက်ခြင်းဖြစ်သည်ဟု ပြောပြီးဖြစ်ကြောင်း။



**သူရိယနေ့ဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦး**

- ကော်သူးလေအဖွဲ့အား မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အဓိကနှောင့်ယှက်လာနိုင်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ကြောင်း။
- ဝေါလေတွင် အရပ်သား ၂၅ ဦးကို သတ်ဖြတ်ခဲ့ခြင်းကြောင့် KNU မှ ယင်းအဖွဲ့ကို ထုတ်ပစ်လိုက်ခြင်းဖြစ်ပြီး စစ်ရာဇဝတ်မှုမြောက်သည့် လုပ်ဆောင်ခြင်းမျိုးကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း။
- သို့သော် KNU တို့ကသာ ထောက်ခံခြင်းမရှိသော်လည်း ယင်းအဖွဲ့ကို ထောက်ခံသည့်အဖွဲ့အစည်း တစ်ဖွဲ့ရှိကြောင်း။
- ကော်သူးလေအဖွဲ့သည် အရပ်သားပါမရှောင် သတ်ဖြတ်နေသည့် အဖွဲ့အစည်းဖြစ်သဖြင့် "မူ"ရှိသည့် အဖွဲ့အစည်းဟု မိမိတို့မသတ်မှတ်ကြောင်း၊ ယင်းဖွဲ့သည် "မူ"မရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း။
- မူမရှိသည့်အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖြစ်နိုင်စရာအကြောင်းမရှိကြောင်းနှင့် ယင်းအဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**Trend ဂျာနယ်က** အာဆီယံအထူးသံတမန်လည်းဖြစ်သော ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဖြစ်သည့် ပရက်ဆိုခွန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခွင့်ရရန် အလားအလာကောင်းရှိသည်ဟု ဇူလိုင်လ ၂၂ ရက်တွင် ဖနွမ်းပင်သတင်းစာနှင့် သတင်းဌာနအများစုက ဖော်ပြခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့် မည်သည့်အခြေအနေ၊ မည်သည့်အချိန်တွင် တွေ့ဆုံမည်ဆိုသည်ကို သိလိုကြောင်း မေးမြန်းချက်ကို-

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** မိမိတို့အနေဖြင့် သတင်းဌာနအများစုကို ဖြေဆိုခဲ့ပြီးဖြစ်ကြောင်း။
- ယင်းကိစ္စနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ပထမဦးဆုံးပြောကြားလိုသည်မှာ နိုင်ငံရေးတွင် မဖြစ်နိုင်ဘူးဆိုသည့်



Trend ဂျာနယ်မှ အယ်ဒီတာချုပ် ဦးဝဏ္ဏ

ကိစ္စမရှိဟု ပြောလိုကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်၏ ပြောကြားချက်အပေါ်တွင် သီးခြားမှတ်ချက်ပေးစရာမရှိကြောင်းနှင့် နိုင်ငံရေးတွင် မဖြစ်နိုင်စရာမရှိဘူးဟုပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

**97 Media က** နိုင်ငံပေါင်း ၄၇ နိုင်ငံက ကမ္ဘာလှည့်ခရီးသည်များသည် နိုင်ငံတကာလေကြောင်းလိုင်း ၁၁ ခုမှ ဝင်ရောက်လာလျက်ရှိကြောင်းကို သိရှိရသဖြင့် မကြာမီကာလတွင် ရောက်ရှိမည့် ပွင့်လင်းကာလ ခရီးသွားရာသီတွင် လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များအတွက် မည်သို့ပြင်ဆင်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းချက်ကို–



97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်)

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** လေကြောင်းကဏ္ဍအနေဖြင့် လေကြောင်းခရီးသွားလာမှု ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံရေးအဆင်ပြေချောမွေ့ရေးအတွက် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်က ချမှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း။
- လေကြောင်းကဏ္ဍအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ရုရှားနိုင်ငံနှင့် ဆွေးနွေးခဲ့ရာတွင် ခရီးသွားလာရေးလုပ်ငန်းများ မြှင့်တင်ရေးနှင့် တိုက်ရိုက်လေကြောင်းလိုင်းများပျံသန်းရန်အတွက် ဆွေးနွေးခဲ့မှုများရှိကြောင်း။
- ပွင့်လင်းရာသီကာလ ပြည်ပခရီးသည်များ ပြင်ဆင်ဆောင်ရွက်မှုအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။
- လုပ်ကြံမီဒီယာတစ်ချို့နှင့် တစ်ချို့သော မြန်မာ့အကျိုးမလိုလားသည့်သူများက ခရီးသွားလာရန် အန္တရာယ်အများဆုံးနိုင်ငံများထဲတွင် ပါဝင်နေသည်ဟု မည်သည့်အထောက်အထားမျှမရှိဘဲ လုပ်ကြံကြသော်လည်း သတင်းထောက်ကြီးတို့ မြင်သည့်အတိုင်း တစ်ချို့သော ကမ္ဘာလှည့်ခရီးသွားများ ရောက်ရှိနေပြီဖြစ်ကြောင်း။
- ထိုကဲ့သို့မဟုတ်မမှန်လုပ်ကြံအနှောင့်အယှက်မျိုးကို မိမိတို့ကျော်လွှားနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

**နိုင်ငံ့သစ္စာသတင်းဌာနက** အပြစ်မဲ့ပြည်သူများကို နေ့စဉ်နှင့်အမျှ PDF များက သတ်ဖြတ်နေခြင်းကို အခြားမီဒီယာများက တင်ပြဖူးကြောင်း၊ နိုင်ငံတော်အစိုးရနေဖြင့် PDF များကို အလင်းဝင်ရန် ဖိတ်ခေါ်ခြင်းကိုလည်း ဝမ်းသာမိကြောင်း၊ တစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းက ယခင်ကထက်ပို၍ သတ်ဖြတ်နေကြောင်း၊ ယခုနောက်ပိုင်း ထိုထက်ပိုဆိုးလာခြင်းသည် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများကို သတ်လျှင်မည်သို့မျှမသက်ဆိုင်သည့်၊ အပြစ်မရှိသည့်သားမယားများကို အကုန်သတ်သည့်စနစ် ဖြစ်လာကြောင်း၊ Mizzima၊ RFA၊ ဧရာဝတီသတင်းဌာန၊ ခေတ်သစ်သတင်းဌာန၊ DVD သတင်းဌာနများမှ မည်သည့် PDF များက မည်သည့်အုပ်ကြီး၊ မည်သည့်ရာအိမ်မှူး၊ မည်သည့်ဒလန်ကို သတ်သည်ဟု သတင်းလွှင့်လျှင် မည်သို့မျှမဖြစ်သော်လည်း မိမိတို့ကဲ့သို့ အမျိုးသားရေး သတင်းထောက်များ၊ သတင်းမှန်တင်သည်နှင့် ဒလန်စာရင်း တန်းဝင်သွားကြောင်း၊ တပ်မတော်အာဏာထိန်းသည့်ကာလမှာ ယနေ့အထိဆိုပါက ၁ နှစ်နှင့်လေးလကျော်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကာလအတောအတွင်း PDF များက ဒလန်ဟု စွပ်စွဲပြီးသတ်ခဲ့သည့် လူပေါင်း ၅ ထောင်ကျော်သွားပြီဟုဆို၍ရကြောင်း၊ လက်ရှိတွင်လည်း သတ်နေဆဲဖြစ်သလို နောင်လည်းသတ်နေဦးမည်ဟု ယူဆရကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်တို့အနေဖြင့် လက်နက်ကိုင်သတ်နေသည့် PDF များက အပြစ်မဲ့ပြည်သူများ၊ ရဟန်း

သံဃာတော်များကို ယခုထက်ပိုပြီး အသတ်မခံရစေရန် မည်ကဲ့သို့ အပြည့်အဝကာကွယ်ပေးနိုင်မည်ဆိုသည်ကို သိလိုကြောင်းမေးမြန်းချက်ကို–



**နိုင်ငံ့သစ္စာသတင်းဌာနမှ သတင်းထောက် ဦးအောင်ကျော်ဦး**

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** ထိုကဲ့သို့သတ်ဖြတ်ရန် လှုံ့ဆော်သူများရှိနေကြောင်း၊ ဘုန်းကြီးများကိုသတ်၍ မရလျှင် ဘုန်းကြီးကျောင်းကို သွားသည့် လူများကို သတ်ဟုဆိုသည့် ပြောဆိုချက်များကိုလည်း တွေ့ရကြောင်း။
- နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်ပြီး လုံခြုံရေးအဖွဲ့အစည်းများနှင့် ပြည်သူ့စစ်များဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ထိုအဖွဲ့များနှင့်ဆက်သွယ်ရန် မိမိပြောလိုကြောင်း။
- အားလုံးပါဝင်မှုရမည်ဖြစ်သလို ကိုယ်တိုင်လည်းပါဝင်မှုရမည်ဟုပြောလိုကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည့် ထောက်ပံ့မှုများကို အချိန်အတိုင်းအတာအရ ဆောင်ရွက်ပေးသွားမည်ဟု ပြန်လည်ဖြေကြားခဲ့။

သတင်းစာရှင်းလင်းပွဲအပြည့်အစုံအား Myawady Webportal (https://www . myawady.net.mm)နှင့် (https://myanmar.gov.mm) တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**မြဝတီသတင်းစာ(၂၉-၇-၂၀၂၂)**

- **အွန်လိုင်းပေါ်တွင် ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်ကိုအတည်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တစ်ဖက်သတ်ဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်မည်ဆိုပါက တရားမျှတမှုရှိနိုင်မည်မဟုတ်သည့်အတွက် ပါတီကိုစစ်ဆေး၍ အတည်ပြုပြီးမှသာလျှင် ဥပဒေနှင့်အညီဆုံးဖြတ် ဆောင်ရွက်သွားမည်ဖြစ်။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်အားနည်းချက်များကို သုံးသပ်၍ ဥပဒေမူဘောင်အရ လိုအပ်သည်များကိုပြင်ဆင်ခြင်း၊ မဲစာရင်းများအပါအဝင် အခြားလိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိ။**
- **အပြစ်မဲ့ပြည်သူများ ဥပဒေမဲ့အကြမ်းဖက် ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်းခံခဲ့ရသဖြင့် သေဆုံးခဲ့ရသည့် နစ်နာခဲ့ရသည့်ပြည်သူများကိုယ်စား တရားရုံးအစဉ်အဆက်မှ လုပ်ထုံးလုပ်နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါတရားခံများကို ခုခံချေပခွင့်ပေးခဲ့ပြီး သက်သေအထောက်အထားအပြည့်အစုံအပေါ် အခြေပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်။**
- **မြန်မာနိုင်ငံအနေဖြင့် ICCPR ပရိုတိုကောတွင် သေဒဏ်ချမှတ်ခြင်းနှင့်ပတ်သက်၍ လက်မှတ်ရေးထိုးထားခြင်းမရှိသဖြင့် အပြစ်တစ်စုံတစ်ရာမရှိဘဲလုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် ပြည်သူများနှင့် ၎င်းတို့၏ဆွေမျိုးသားချင်းများ၏ မျက်နှာကိုထောက်ရှုပြီး မလွှဲမရှောင်သာ၍ ပြစ်မှုကျူးလွန်သည့် တရားခံများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်။**
- **ကော်သူးလေအဖွဲ့သည် အရပ်သားပါမရှောင် သတ်ဖြတ်နေသည့် အဖွဲ့အစည်းဖြစ်သဖြင့် "မူ"ရှိသည့်အဖွဲ့အစည်းဟု မိမိတို့မသတ်မှတ်သောကြောင့် "မူ"မရှိသည့်အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖြစ်နိုင်စရာအကြောင်းမရှိကြောင်းနှင့် ယင်းအဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်။**
- **အာဆီယံအထူးကိုယ်စားလှယ်၏ ပြောကြားချက်အပေါ်တွင် သီးခြားမှတ်ချက်ပေးစရာမရှိကြောင်းနှင့် နိုင်ငံရေးတွင် မဖြစ်နိုင်စရာမရှိဘူးဟုပြောလို။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော ကားချပ်များ





- လေကြောင်းခရီးသွားလာမှု ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံရေးအဆင်ပြေချောမွေ့ရေးအတွက် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်က ချမှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လျက်ရှိ။
- နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်ပြီး လုံခြုံရေးအဖွဲ့အစည်းများနှင့် ပြည်သူ့စစ်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ထိုအဖွဲ့များနှင့်ဆက်သွယ်ရန်လို။